စာအမှတ်.........
ရက်စွဲ.........

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၂၃**

**၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၇ ရက်**

**(၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်)**

## မွေးမြူရေးမြေဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(တ) နှင့် ပုဒ်မ ၅၅ ပုဒ်မခွဲ(ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီ အသီးသီးတွင် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းလိုက်သည်-

(က) **မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီး ၁ ဦး သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင် ၁ ဦး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီအုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီဦးစီးဌာနမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
စိုက်ပျိုးရေးဦးစီးဌာန

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
စက်မှုလယ်ယာဦးစီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
သစ်တောဦးစီးဌာန

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီအင်ဂျင်နီယာ
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

Livestockzone (20-4-2023)

(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီအမှုဆောင်အရာရှိ စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၃) ဥက္ကဋ္ဌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီ ဦးစီးဌာနမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သူ — တွဲဖက် အတွင်းရေးမှူး

(ခ) **အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ**

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကိုယ်စားလှယ် ၁ဦး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန မှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် စက်မှုလယ်ယာဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကိုယ်စားလှယ်၁ဦး — အဖွဲ့ဝင်

(၉) ဥက္ကဋ္ဌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — အတွင်းရေးမှူး

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး — တွဲဖက်အတွင်းရေးမှူး

(ဂ) **အသေးစား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) မြို့နယ်ဦးစီးဌာနမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) မြို့နယ်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) မြို့နယ်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) မြို့နယ်ဦးစီးဌာနမှူး စက်မှုလယ်ယာဦးစီးဌာန — အဖွဲ့ဝင်

(၆) မြို့နယ်ဦးစီးဌာနမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၇) မြို့နယ်ဦးစီးဌာနမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) မြို့နယ်အင်ဂျင်နီယာ — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း

(၉) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(၁၀) မြို့နယ်ဦးစီးဌာနမှူး — အတွင်းရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၁၁) မြို့နယ်ဦးစီးဌာနမှူး — တွဲဖက်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန — အတွင်းရေးမှူး

(ဃ) **အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှု လုပ်ငန်းကော်မတီ**

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ ဦးစီးဌာနမှူး
စိုက်ပျိုးရေးဦးစီးဌာန

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
စက်မှုလယ်ယာဦးစီးဌာန

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
သစ်တောဦးစီးဌာန

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
နေပြည်တော်ကောင်စီအင်ဂျင်နီယာ
လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း

(၈) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်
နေပြည်တော်ကောင်စီမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အတွင်းရေးမှူး
နေပြည်တော်ကောင်စီဦးစီးဌာနမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် တွဲဖက်
နေပြည်တော်ကောင်စီဦးစီးဌာနမှူး အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (၁)

(၁၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် တွဲဖက်
အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး အတွင်းရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (၂)

(င) **အသေးစား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှု လုပ်ငန်းကော်မတီ**

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ဦးစီးဌာနမှူး စက်မှုလယ်ယာဦးစီးဌာန — အဖွဲ့ဝင်

(၅) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အင်ဂျင်နီယာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း — အဖွဲ့ဝင်

(၈) ဥက္ကဋ္ဌ အဖွဲ့ဝင်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်
မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(၉) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အတွင်းရေးမှူး
အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၁၀) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် တွဲဖက်
အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး အတွင်းရေးမှူး(၁)
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(၁၁) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး တွဲဖက်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အတွင်းရေးမှူး(၂)

၂။ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မွေးမြူရေးမြေများ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မွေးမြူရေးမြေအမျိုးအစား ရွေးချယ်သတ်မှတ်နိုင်ရန် မွေးမြူရေးမြေအဖြစ် သတ်မှတ်မည့် မြေဧရိယာသည် အောက်ပါအချက်များနှင့် ပြည့်စုံခြင်း ရှိမရှိ လေ့လာဆန်းစစ်ခြင်း-

(ကက) တစ်ဆက်တစ်စပ်တည်းဖြစ်ခြင်း၊

(ခခ) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားပါက ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလွယ်တကူ သွားရောက်နိုင်သော နယ်မြေဖြစ်ခြင်း၊

(ဂဂ) သန့်ရှင်းသော ရေအရင်းအမြစ်(ရေတွင်း၊ ရေတင်စနစ်၊ ရေစုကန်စနစ်၊ ဆည်စနစ် စသည်)ရရှိနိုင်သော မြေနေရာဖြစ်ခြင်း၊

(ဃဃ) ခိုင်မာသော လျှပ်စစ်ဓာတ်အားစနစ် (အမျိုးသား မဟာဓာတ်အားလိုင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်၊ ရေအားလျှပ်စစ် စသည်)ရရှိနိုင်သော နေရာဖြစ်ခြင်း၊

(ငင) လူနေအိမ်ခြေများနှင့် အနည်းဆုံး ၃ ကီလိုမီတာ ကွာဝေးခြင်း၊

(စစ) အကြီးစား မွေးမြူရေးမြေအတွက် မြေဧရိယာ ၁၀၀၁ ဧကနှင့် အထက် ရှိခြင်း၊

(ဆဆ) အလတ်စား မွေးမြူရေးမြေအတွက် မြေဧရိယာ ၅၀၁ ဧကမှ ဧက ၁၀၀၀ အတွင်း ရှိခြင်း၊

(ဇဇ) အသေးစား မွေးမြူရေးမြေ အတွက် မြေဧရိယာ ၁ ဧကမှ ဧက ၅၀၀ အတွင်း ရှိခြင်း။

(၂) သက်ဆိုင်ရာ ဥပဒေများနှင့်အညီ မွေးမြူရေးမြေနေရာ ရရှိရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီထံ တင်ပြအတည်ပြုချက်တောင်းခံခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(၃) ရေအရင်းအမြစ်နှင့် လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(၄) မွေးမြူရေးမြေအကွက်ချ ပုံစံရေးဆွဲစေခြင်း၊

(၅) မွေးမြူရေးမြေအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) မွေးမြူရေးမြေပေါ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်လျက်ရှိသော မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို အခါအားလျော်စွာစစ်ဆေးကြည့်ရှု၍ လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(၇) မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသော မွေးမြူရေးမြေနှင့်စပ်လျဉ်း၍ ထူးခြားသော ကိစ္စရပ်များရှိပါက လုပ်ကိုင်ဆောင်ရွက်သူများ သိရှိစေရန် စာဖြင့် အသိပေးကြေညာခြင်း။

(ခ) အကြီးစားနှင့် အလတ်စား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မွေးမြူရေးမြေ ဖော်ထုတ်ရန် မြေဧရိယာ၊ မွေးမြူရေးမြေ အကွက်ချပုံစံစသည့် အချက်အလက်များပါဝင်သည့် မွေးမြူရေးမြေဖော်ထုတ်ရေး စီမံချက်ရေးဆွဲ၍ မွေးမြူရေးမြေများဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့တင်ပြခြင်း၊

(၂) မွေးမြူရေးမြေ နယ်နိမိတ်သတ်မှတ်နိုင်ရေး တိုင်းတာခြင်းနှင့် နယ်နိမိတ်မြေပုံများ ရေးဆွဲခြင်း၊

(၃) ရေအရင်းအမြစ်၊ လျှပ်စစ်မီး၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းစသည့် နည်းပညာဆိုင်ရာ လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ခွဲဝေဆောင်ရွက်ခြင်း၊

(၄) မွေးမြူရေးမြေအတွင်း စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်အစာ စက်ရုံများ၊ စွန့်ထုတ်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ အဆိုပြုလွှာများအား လက်ခံခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ စိစစ်တင်ပြခြင်း၊

(၅) မွေးမြူရေးမြေအတွင်း မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအား မွေးမြူသူနှင့် ရင်းနှီးမြှုပ်နှံသူများမှ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီမံပေးခြင်း၊

(၆) တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရမည့်နေရာများ ခွဲခြားသတ်မှတ်ပေးခြင်း၊

(၇) မွေးမြူရေးမြေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရေးအတွက် စီမံကွပ်ကဲရေးအဆောက်အအုံဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပေးခြင်း၊

(၈) မွေးမြူရေးမြေ လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(ဂ) အသေးစား မွေးမြူရေးမြေ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မွေးမြူရေးမြေဖော်ထုတ်ရန် မြေဧရိယာ၊ မွေးမြူရေးမြေ အကွက်ချပုံစံ စသည့် အချက်အလက်များပါဝင်သည့် မွေးမြူရေးမြေဖော်ထုတ်ရေးစီမံချက် ရေးဆွဲ၍ မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(၂) မွေးမြူရေးမြေနယ်နိမိတ် သတ်မှတ်နိုင်ရေး တိုင်းတာခြင်းနှင့် နယ်နိမိတ် မြေပုံများ ရေးဆွဲခြင်း၊

(၃) ရေအရင်းအမြစ်၊ လျှပ်စစ်မီး၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းစသည့် နည်းပညာဆိုင်ရာလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ခွဲဝေဆောင်ရွက်ခြင်း၊

(၄) မွေးမြူရေးမြေအတွင်း စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်

အစာစက်ရုံများ၊ စွန့်ထုတ်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ အဆိုပြုလွှာများအား လက်ခံခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီသို့ စိစစ်တင်ပြခြင်း၊

(၅) မွေးမြူရေးမြေအတွင်း မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများအား မွေးမြူသူနှင့် ရင်းနှီးမြှုပ်နှံသူများမှ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီမံပေးခြင်း၊

(၆) တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရမည့်နေရာများ ခွဲခြားသတ်မှတ်ပေးခြင်း၊

(၇) မွေးမြူရေးမြေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရေးအတွက် စီမံကွပ်ကဲရေးအဆောက်အအုံဆောက်လုပ်ရန် မြေနေရာ သတ်မှတ်ပေးခြင်း၊

(၈) မွေးမြူရေးမြေလုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို မွေးမြူရေးမြေများဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) အကြီးစားနှင့် အလတ်စားမွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန် အမျိုးအစားအလိုက် သတ်မှတ်ထားသော မွေးမြူရေးနေရာ၊ အကျယ်အဝန်းနှင့် ကောင်ရေကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၂) ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်စေရန် ပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၃) ဇီဝလုံခြုံမှုနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မွေးမြူခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(၄) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ခြင်း ရှိ မရှိ အခါအားလျော်စွာစစ်ဆေးခြင်း၊

(၅) မွေးမြူရေးမြေဧရိယာအတွင်း မွေးမြူထုတ်လုပ်ခြင်းနှင့် မသက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်မှု မရှိစေရန် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၆) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မွေးမြူထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၇) ကြီးကြပ်မှုလုပ်ငန်းကော်မတီအစည်းအဝေးကို အနည်းဆုံး ၁ လ တစ်ကြိမ် ကျင်းပခြင်းနှင့် ကော်မတီဝင်အားလုံး၏သဘောတူညီချက်ဖြင့် အစည်းအဝေး ဆုံးဖြတ်ချက်အတည်ပြုချမှတ်ခြင်း၊

(၈) လုပ်ငန်းဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်း ကော်မတီသို့တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်း ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(င) အသေးစား မွေးမြူရေးမြေအတွင်းရှိ မွေးမြူရေးလုပ်ငန်းများကြီးကြပ်မှု လုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန် အမျိုးအစားအလိုက် သတ်မှတ်ထားသော မွေးမြူရေးနေရာ၊ အကျယ်အဝန်းနှင့် ကောင်းရေကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(၂) ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်စေရန် ပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၃) ဇီဝလုံခြုံမှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လမ်းညွှန် ချက်များနှင့်အညီ မွေးမြူခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(၄) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းနှင့် အညစ် အကြေးများကို စနစ်တကျ စွန့်ပစ်ခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(၅) မွေးမြူရေးမြေဧရိယာအတွင်း မွေးမြူထုတ်လုပ်ခြင်းနှင့် မသက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်မှု မရှိစေရန် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၆) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မွေးမြူထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၇) ကြီးကြပ်မှုလုပ်ငန်းကော်မတီအစည်းအဝေးကို အနည်းဆုံး ၁ လ တစ်ကြိမ် ကျင်းပခြင်းနှင့် ကော်မတီဝင်အားလုံး၏ သဘောတူညီချက်ဖြင့် အစည်းအဝေးဆုံးဖြတ်ချက် အတည်ပြုချမှတ်ခြင်း၊

(၈) လုပ်ငန်းဆောင်ရွက်ချက်များကို မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် မွေးမြူရေးမြေများ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် ဤအမိန့်ကြော်ငြာစာအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ပုံ

မင်းနောင်

ဥက္ကဋ္ဌ

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း

ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ

စာအမှတ်၊ AHLD ဗဟိုကော်မတီ/မွေးဇုန်/ဥပဒေ(၀၄၄ /၂၀၂၃)

ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ (အားလုံး)

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများအားလုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

လုပ်ငန်းကော်မတီအဖွဲ့ဝင်များ(အားလုံး)

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ဒေါက်တာရဲထွန်းဝင်း

အတွင်းရေးမှူး

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း

ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

Livestockzone (20-4-2023)